# ကုန်အဝင်အထွက် စာရင်းအားလုံးပေးရန် ပွဲရုံများနှင့် ကုန်ကားဂိတ်များကိုအမိန့်ပေး

NEJ/ ၂၉ စက်တင်ဘာ ၂၀၀၆ / ၁၄း၁၅

ရန်ကုန် ဘုရင့်နောင်ပွဲရုံတန်းရှိ ပွဲရုံပိုင်ရှင်များ၊ ကုန်ကားဂိတ်လုပ်ငန်းရှင်များကို စစ်ဒေသမှူးကဆင့်ခေါ်ပြီး ကုန်အဝင်အထွက်၊ ကားအဝင်အထွက်တို့ကို နေ့စဉ်စာရင်းပြုစုပေးရမည်ဟု အမိန့်ထုတ်ပြန်သဖြင့် လုပ်ငန်းရှင်များ အလုပ်ပျက်ရ၍ စိတ်ညစ်နေကြသည်။




Photo-NEJ

ဘုရင့်နောင်ပွဲရုံတန်း

ပြီးခဲ့သည့် စနေနေ့အစည်းအဝေးတွင် စစ်ဒေသမှူးက ထိုသို့အမိန့်ပေးခြင်းဖြစ်သည်ဟု ဘုရင့်နောင်ပွဲရုံတန်းမှ ပွဲရုံပိုင်ရှင်တဦးကပြောသည်။

၎င်းက “ပွဲရုံတွေဆိုရင် ကိုယ့်ဆီကို ဘယ်နယ်ကနေ ဘာကုန်ပစ္စည်းအမျိုးအစားတွေ၊ ဘယ်ဈေးနှုန်းနဲ့ နေ့စဉ်ဘယ်လောက်ဝင်တယ်၊ ကိုယ့်ဆီကနေ ဘယ်သူတွေက ဘာကုန်စည်တွေကို ဘယ်ဈေးနှုန်းနဲ့ ဘယ်လောက်ဝယ်တယ်၊ ကိုယ့်ဆီမှာ ဘယ်ကုန်လက်ကျန်တွေ ဘယ်လောက်ရှိတယ်၊ စသဖြင့် အချိန်နဲ့တပြေးညီ စာရင်းပြုစုတင်ပြရမယ်လို့ဆိုတယ်” ဟုပြောသည်။

ကုန်ကားပိုင်ရှင်များကိုလည်း မည်သည့်ဒေသမှ မည်သည့်ကုန် မည်မျှတင်လာပြီး မည်သည့်ကုန်ချဂိတ်၌ချသည်၊ မည်သည့်ပွဲရုံမှ ကုန်မည်မျှကို မည်သည့်ဒေသသို့ တင်သွားသည် စသည်ဖြင့် ပြည့်စုံစွာအစီရင်ခံရမည်ဟု အမိန့်ထုတ်ထားသည်။

“အဲဒီအတွက် မှန်မှန်ကန်ကန်တင်ပြခြင်း ရှိမရှိ စိစစ်ရေးမှူးတွေခန့်ထားပြီး ကြီးကြပ်မယ်၊ တကယ်လို့ မမှန်မကန်တင်ပြရင် အရေးယူမယ် စသဖြင့်ခြိမ်းခြောက်တယ်။ တကယ်တော့ ဒီကုန်ပစ္စည်းသွားလာတာတွေဆိုတာဟာ မြန်မာပြည်ထဲမှာပဲ။ ဒါတွေကိုတောင် လွတ်လွတ်လပ်လပ် လုပ်ခွင့်မပြုတော့ဘူးဆိုတဲ့ သဘောပါပဲ” ဟု ကုန်ကားဂိတ်ပိုင်ရှင်တဦးက ပြောသည်။

ပြည်ပတင်ပို့ခွင့်ပါမစ်ရှိသူများက ဈေးကွက်မှ ဆန်၊ ကြက်သွန်နီများ အဝယ်များရာမှ ပြည်တွင်း၌ ရှားပါးပြီး ဈေးထောင်တက်လာခြင်းဖြစ်သည်ဟု ကုန်သည်ကြီးတဦးက ရှင်းပြသည်။

ဈေးတက်သည့်ပြဿနာကို ထိန်းချုပ်ရန်ဟုဆိုကာ အာဏာပိုင်များက ကုန်သည်များကိုဖမ်းခြင်း၊ အတင်းအကျပ် ဈေးနှုန်းသတ်မှတ်ရောင်းခိုင်းခြင်း၊ အခွန်လွတ်ဈေးများ၌ လျှော့ဈေးဖြင့်ရောင်းရန်အတွက် ကုန်သည်များကို ဆန်နှင့် မီးဖိုချောင်သုံးပစ္စည်းများ အရှုံးခံရောင်းခိုင်းခြင်း စသည့်နည်းလမ်းများဖြင့် ဖြေရှင်းနေသည်ဟု ထိုကုန်သည်ကြီးက ပြောသည်။

“အခုနောက်ဆုံးတော့ ဆန်လိုကုန်စည်တွေတင်မက ကုန်စည်အားလုံး ရောင်းဝယ်ဖောက်ကား၊ သယ်ဆောင်တာတွေကိုပါ ဝင်ရောက်စွက်ဖက်ထိန်းချုပ်လာတာပဲ။ ဒါဟာ ဈေးကွက်စီးပွားရေး မဟုတ်ဘူး။ ဗဟိုကချုပ်ကိုင်တဲ့ စီးပွားရေးစနစ်တောင် အခုလောက်မဆိုးဘူး” ဟု၎င်းကပြောသည်။

နအဖအာဏာပိုင်များသည် ဆန်ဈေးတက်စဉ်ကာလကလည်း ဈေးကွက်ထဲ ဝင်ရောက်စွက်ဖက်ခဲ့ပြီးနောက်ပိုင်း ဆန်သာမက ဆီ၊ ကြက်သွန်၊ ငရုတ်၊ အာလူး စသည့် မရှိမဖြစ်မီးဖိုချောင်သုံးပစ္စည်းအားလုံး ဈေးတက်လာသောကြောင့် ယခုကဲ့သို့ ဘက်ပေါင်းစုံမှ တိုးမြှင့်စွက်ဖက်လာခြင်းဖြစ်နိုင်ကြောင်း ကုန်သည်များက ဝေဖန်သည်။ ■